FPB
First Private Bank
ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749 / 246 786
FAX : 095 -1- 242 320 / 250 148
Website : www.firstprivatebank.com.mm
e-mail : hofirst.office@fpb.com.mm
admindept.ho@fpb.com.mm

# အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအား အသိပေးကြေညာခြင်း

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၁)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၁)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ ရွေးချယ်တင်မြှောက်ခဲ့သော ဒါရိုက်တာများအား ဒါရိုက်တာအဖွဲ့အသစ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

| | |
|---|---|
| (၁)ဦးကျော်တင် | ဒါရိုက်တာ |
| (၂)ဒေါ်လှလှဝင်း | ဒါရိုက်တာ |
| (၃)ဒေါက်တာတင်ဝင်း | ဒါရိုက်တာ |
| (၄)ဦးမြင့်လွင် | ဒါရိုက်တာ |
| (၅)ဦးမျိုးထွန်း | ဒါရိုက်တာ |
| (၆)ဦးသိန်းလွင် | ဒါရိုက်တာ |
| (၇)ဒေါ်လှလှရီ | ဒါရိုက်တာ |
| (၈)ဦးထင်အောင်ကျော်ဦး | ဒါရိုက်တာ |
| (၉)ဦးသိန်းမြင့် | ဒါရိုက်တာ |
| (၁၀)ဦးလဆန် | ဒါရိုက်တာ |
| (၁၁)ဦးသက်ဆွေ | သီးခြားလွတ်လပ်သောဒါရိုက်တာ |
| (၁၂)ဒေါက်တာလှဲလှဲဝင်း | သီးခြားလွတ်လပ်သောဒါရိုက်တာ |
| (၁၃)ဦးမြင့်ဇော် | အမှုဆောင်အရာရှိချုပ် |

၂။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၈.၁၂.၂၀၂၂)ရက်နေ့တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဦးကျော်တင်အား ရွေးချယ်တင်မြှောက်ကြပါသည်။

၃။ ဒါရိုက်တာ ဒေါ်လှလှဝင်းအား အမှုဆောင်ဒါရိုက်တာအဖြစ် ရွေးချယ်တာဝန်ပေးအပ်ကြပါသည်။

၄။ ဒါရိုက်တာအဖွဲ့ဝင်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ( ၃၀.၁၂.၂၀၂၂ )ရက်နေ့တွင် တင်ပြအတည်ပြုချက်ရယူထားပါသည်။

၅။ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌဦးကျော်တင်သည်၊ ဝါဏိဇ္ဇဘွဲ့အား ၁၉၇၅ခုနှစ်တွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ရရှိခဲ့ပြီး မြန်မာနိုင်ငံစာရင်းကောင်စီမှ ဖွင့်လှစ်ခဲ့သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် ၁၉၇၇ခုနှစ် တွင် လက်မှတ်ရရှိခဲ့ပါသည်။၁၉၇၇ခုနှစ်တွင် ဦးလှထွန်း R.A မှတ်ပုံတင်စာရင်းကိုင် လုပ်ငန်းတွင် အထက်တန်းစာရင်းစစ်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။၁၉၈၃ခုနှစ်တွင် SGS(Myanmar)Co.,Ltd တွင် ဘဏ္ဍာရေးမန်နေဂျာအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၉၃ခုနှစ်တွင် မန်နေဂျင်း ဒါရိုက်တာအဖြစ် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရပါသည်။၎င်းအချိန်၌ပင် ကျော်နှင့်ကျော်စာရင်းစစ်အဖွဲ့ကို ဖွဲ့စည်း၍စာရင်းကိုင်၊စာရင်းစစ် လုပ်ငန်းကိုလဲ စတင်ဆောင်ရွက်ခဲ့ပါသည်။၂၀၀၈မှ၂၀၁၂ခုနှစ် အထိ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် အဖြစ် လုပ်ကိုင်ခဲ့ပါသည်။၂၀၁၆ ခုနှစ်တွင် SGS (Myanmar) Co., Ltdမှ အနားယူ၍ V.Advisory Ltd တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် V.Advisory Ltd မှ အနားယူ၍ ကျော်နှင့်ကျော်စာရင်းစစ်အဖွဲ့၏ Principal Partnerအဖြစ်လုပ်ငန်းလုပ်ကိုင်လျှက်ရှိပါသည်။ ဦးကျော်တင်သည် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်း၏ ဥက္ကဋ္ဌအဖြစ်၂၀၁၃ ခုနှစ်မှ၂၀၁၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု ဘုတ်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့ စာရင်းကိုင်အသင်း၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း ၊ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ အမှုဆောင်အဖြစ်လည်းကောင်း ၊ Myanmar Association of Insolvency Practitioner ၏ ဘုတ်အဖွဲ့ဝင် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျှက် ရှိပါသည်။ လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖေါင်ဒေးရှင်း၏ ဒုဥက္ကဋ္ဌ အဖြစ်လဲ တာဝန်ထမ်းဆောင်လျှက် ရှိပါသည်။

၆။ ဦးကျော်တင် ဦးဆောင်သော ဒါရိုက်တာအဖွဲ့သည် ပထမပုဂ္ဂလိကဘဏ်ကြီး တိုးတက်အောင်မြင်စေရန်နှင့် ကျစ်လစ်တောင့်တင်းခိုင်မာ၍ အများပြည်သူ ယုံကြည်စိတ်ချရသော ဘဏ်ကြီး တစ်ခုအဖြစ် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှပ်နှံသူများ အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

ပထမပုဂ္ဂလိကဘဏ်လီမိတက်

ရက်စွဲ၊ ၂၀၂၃ခုနှစ် ဖေဖေါ်ဝါရီလ (၂၇)ရက်